# နွေဦးအသံ
the voice of spring

7.5.2021 · Friday · No . 32 · Daily News Pamphlet


## NUG အစိုးရနိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်နှင့် ဗြိတိန်အပါအဝင် ဥရောပသမဂ္ဂအဖွဲ့ဝင်(၉)နိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်(၃၆)ဦးတို့က NUG အစိုးရအဖွဲ့ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီးတွေ့ဆုံဆွေးနွေးခဲ့ကြ

သတင်းတို

ရင်းမြစ် – NUG မှ

## တပ်မတော်ခေါင်းဆောင်များကို ကုမ္ပဏီအလုပ်ကဲ့သို့ ပြင်ပမှခေါ်ဆို၍ မရကြောင်းနှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်မှ ဦးဆောင်နိုင်မည့်သူများကိုသာ တပ်ဖွဲ့ခေါင်းဆောင်များအဖြစ် မွေးထုတ်၍တာဝန်ပေးသွားမည် ဖြစ်ကြောင်း NUG ကာကွယ်ရေး ဝန်ကြီး ဦးရည်မွန်က ပြောကြားခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## အစိုးရအဖွဲ့၏ ဘဏ္ဍာရေးမူဝါဒများနှင့်အညီ ရာဖွေခွဲဝေသုံးစွဲမှုဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲဆုံးဖြတ်နိုင်ရန် ဘဏ္ဍာရေးကော်မရှင်ကို ဒုသမ္မတ၊ ပြည်ထောင်စုဝန်ကြီးချုပ် အပါအဝင် ပြည်ထောင်စုဝန်ကြီး(၁၂)ဦးဖြင့် ဖွဲ့စည်းလိုက်ကြောင်း NUG အစိုးရအဖွဲ့၊ စီမံဘဏ္ဍာနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီး ဦးတင်ထွန်းနိုင်က ထုတ်ပြန်ခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF)ကို ကြိုဆိုထောက်ခံကြောင်း နိုင်ငံအနှံ့ ဆန္ဒဖော်ထုတ်ခဲ့ကြ








မေလ(၆)ရက်၊ အင်အားရာချီ၍ ချီတက်ခဲ့ကြသည့် ရန်ကုန်တပ်ပေါင်းစုသပိတ်၊ မန္တလေးမြို့ ကျန်းမာရေးမိသားစုဆည်းဆာသပိတ်နှင့် မန်းတကသ သပိတ်စစ်ကြောင်းတို့ကို အသီးသီး တွေ့ရစဉ် -(ဓါတ်ပုံ - CJ )

## စစ်ကိုင်း၊ ကနီမြို့နယ်ရှိဒေသခံများက ခုခံခဲ့ကြရာ စစ်အုပ်စုဘက်မှ(၄)ဦးသေဆုံး၊ ကား(၁)စီးမိုင်းခွဲခံရ

သတင်းတို

ရင်းမြစ် – DVB မှ

## အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကို ဗီဒီယိုနှင့်ရုံးထုတ်ပြီး ရှေ့နေများ ကြည့်ရှုခွင့်မပြုဘဲ စစ်ဆေး

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

## ပြည်မြို့၌ စစ်အုပ်စုက လူငယ်တဦးကို ဖမ်းဆီးသတ်ဖြတ်ခဲ့ပြီး ရုပ်အလောင်းကို မိသားစုသဂြိုလ်ခွင့်မရခဲ့

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## စစ်တိုင်း(၅)တိုင်းဖွဲ့စည်းပြီး စစ်အုပ်စုကို နှိမ်နင်းရန် ခြေလှမ်းစတင်ဟု NUG ကာကွယ်ရေးဒုဝန်ကြီးပြော

သတင်းတို

ရင်းမြစ် – DVB မှ

နွေဦးအသံ
the voice of spring
7.5.2021 · Friday · No . 32 · Daily News Pamphlet


# သတင်းမှတ်စု

မေလ(၆)ရက်၊ ၂၀၂၁

- မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီ ရပ်ကွက် စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး ကို နံနက် (၁၀:၄၀)နာရီခန့်က (၈၄) လမ်းနှင့် (၁၂၁)လမ်းထောင့်၌ ဆိုင်ကယ်စီးလာသူသုံးဦးက ဓားနှင့်ထိုးသဖြင့် ဒဏ်ရာ ပြင်းထန်စွာ ရရှိကာ သေဆုံးခဲ့။
- ပြည်မြို့၊ အင်းဝဘဏ်ပုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး သံသယရှိကြောင်း စစ်အုပ်စုက စွပ်စွဲကာ မေ(၄)ရက်၊ ည(၈)နာရီခန့်တွင် အသက်(၃၃)နှစ်ရှိ ကိုအောင်မြင့်လှိုင် ကို ဖမ်းဆီးခဲ့ပြီး နောက်တစ်ရက်၌ ရွှေတောင်မြို့ရှိ စစ်ဆေးရုံ၌ အလောင်းလာကြည့်ရန် ပြည်မြို့အမှတ်(၁) ရဲစခန်းက အသိပေး၍ မိသားစုကို သင်္ဂြိုလ်ခွင့်ပင်မပြုခဲ့ဟုသိရ။
- မေလ(၅)ရက်ည၊ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ပုဒ်မ-၅၀၅(က)ဖြင့် အမှုဖွင့်ခံထားရသူ MMA လက်ဝှေ့သမား ဖိုးသော်ကို မြောက်ဥက္ကလာပဆေးရုံ၌ ကုသနေစဉ် စစ်အုပ်စုက နံနက် (၃) နာရီခန့်က လာရောက်ခေါ်ဆောင်သွားကာ တပ်မတော်စစ်ဆေးရုံ၌ ပြောင်းရွှေ့ဖမ်းဆီးထားဟုသိရ။
- ရန်ကုန်- လမ်းမတော်၊ ဗိုလ်ချုပ်လမ်းရှိ သူနာပြုတက္ကသိုလ်ရှေ့ဘက်၊ ဆောက်လုပ်ရေးဝင်းအနီးတွင် ပေါက်ကွဲမှု နှစ်ကြိမ် ဖြစ်ပွားခဲ့ပြီး ထိခိုက်မှု မရှိခဲ့ဟုသိရ။
- မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၉






လမ်းပေါ်ရှိ သီရိမန္တလာ ကားဝင်းအနီးနှင့် ဆေးတက္ကသိုလ် ဝန်ထမ်းအိမ်ရာ အနီးတို့၌ ပေါက်ကွဲမှု(၂)နေရာ ဖြစ်ပွားခဲ့။

- မိတ္ထီလာမြို့နယ်၊ မြို့သစ် မယ်ဇလီပင် မူလတန်းကျောင်း၌ ရပ်ထားသည့် စစ်ကျွန် ဆရာ၊ ဆရာမများ၏ ဆိုင်ကယ် (၁၀) စီးခန့် မီးရှို့ဖျက်ဆီးခံရ။
- မေလ(၅)ရက်၊ ည (၈) နာရီခွဲခန့်က တမူးမြို့ဈေးတန်း (၉)ရပ်ကွက်ရှိလမ်းဆုံမီးသတ်ရုံးတွင် ပုံးသုံးလုံး ဆက်တိုက်ပေါက်ကွဲခဲ့။
- လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်း မြို့မဈေးတွင် မေလ(၅)ရက်၊ ည(၈)နာရီကျော်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့။
- မကွေး-ရေစကြို။ ကချင်-မိုးကောင်း။ ရှမ်း-တောင်ကြီး၊ ကျောက်မဲမြို့တို့၌ ဆိုင်ကယ်သပိတ်ပြုလုပ်ခဲ့ကြ။
- ရန်ကုန်- အင်းစိန်။ မြင်းခြံ၊ ရွာသစ်ရွာ။ ကျောက်ပန်းတောင်း၊ လေးပင်(မ) ကျေးရွာ။ စစ်ကိုင်း-ဒီပဲယင်းမြို့။ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မြတောင်ရွာခံ။ ပုလဲ၊ ကံပေါက်ကျေးရွာ။ တန့်ဆည်။ ဂန့်ဂေါမြို့နယ်၊ မွေ့လယ်။ ထားဝယ်။ လောင်းလုံမြို့နယ်-ငပိတက်ငယ်၊ ဂေါ့အင်း၊ ညင်းမော်၊ မောင်းမကန်၊ ပန်းဒလဲ၊ စခန်းကြီး၊ စစ်ပြကျေးရွာ။ သရက်ချောင်းမြို့နယ်၊ ဥတ္တူကျေးရွာ။ ပုသိမ်မြို့ အ.ထ.က (၆)။ မွန်-မော်လမြိုင်။ မြစ်ကြီးနား။ ဖားကန့်၊ တာမခန်မြို့သစ်။ ဗန်းမော် မြို့တို့၌ စစ်ကျွန်ပညာရေး အလိုမရှိ သပိတ်ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ သီရိမင်္ဂလာဈေးအနီး ဘုရင့်နောင်လမ်းမကြီးပေါ်တွင် စမ်းချောင်းနှင့် ကြည့်မြင်တိုင် လူငယ်များက အင်အား(၇၀)ခန့်၊ ပုဇွန်တောင်၊ ရေကျော်လူငယ်များကလည်း "အသေပြန်ဆော်မဲ့ ရေကျော်" ဆိုင်းဘုတ်များ လွှင့်ထူ၍ အင်အား (၁၀၀) ခန့်ဖြင့် ပျောက်ကြားသပိတ်ပြုလုပ်ခဲ့ကြ။
- ရန်ကုန်- ဒဂုံမြို့သစ်မြောက်ပိုင်း။ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ မြတောင်စစ်ကြောင်း၊ သံဃာသမဂ္ဂ၊ စက်မှု၊ ပညာရေးမိသားစု၊ တကသစစ်ကြောင်း။ ပြင်ဦးလွင်။ ညောင်ဦး။ မိုးကုတ်။ မိတ္ထီလာ။ စစ်ကိုင်း။ ရေဦး။ ဆားလင်းကြီးမြို့နယ်-ကံကုန်းရွာ။ မုံရွာ။ ရေဦး။ အရာတော်မြို့နယ်၊ လှည်းချောင်းကူးကျေးရွာ။ မကွေး-ကျေးရွာ(၃၇)ရွာစုပေါင်းသပိတ်။ နတ်မောက်မြို့၊ လက္ခပြင်ရွာ။ မိုးကောင်း။ ပုဂံ။ မြင်းခြံ။ ပဲခူးမြို့။ ကလေးမြို့။ ထားဝယ်။ မြိတ်။ သရက်ချောင်းမြို့နယ်၊ ပိန်းတောရွာ။ လောင်းလုံမြို့။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်။ ကယား၊ ဒီးမော့ဆို။ ရှမ်း- မူဆယ်။ ပျဉ်းမနား စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ် စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ်-မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
မေလ(၅)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၆၉ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၄၇၆၆ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၄၅၈ ဦး

ရင်းမြစ်-အေအေပီပီမှ




မေလ(၆)ရက်၊ ဒီပဲယင်းမြို့တွင် ပြုလုပ်ခဲ့သည့် စစ်ကျွန်ပညာရေး အလိုမရှိ သပိတ်စစ်ကြောင်းကို တွေ့မြင်ရစဉ် (ဓါတ်ပုံ-CJ)


fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com


**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

**"ငါတို့တပ်မတော် PDF စစ်အာဏာရှင်အမြစ်ဖြုတ်"**